Myanmar Red Cross Society

# အလုပ်လျှောက်လွှာခေါ်ယူခြင်း

| | | |
|---|---|---|
| **ရာထူးအမည်** | : | ကွင်းဆင်းလက်ထောက် |
| အရေအတွက် | : | (၁) ဦး |
| အစီရင်ခံတင်ပြမှု | : | ကွင်းဆင်းအရာရှိ |
| ဌာန | : | ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာန |
| တာဝန်ကျရာနေရာ | : | ဒေးဒရဲ |
| Grade | : | B2 |
| အကျိုးခံစားခွင့်များ | : | လစာ + ကိုယ်ခန္ဓာထိခိုက်မှုနှင့်ရောဂါဘယအာမခံ+ လုပ်ငန်းတွင်းသင်တန်းများ + ခရီးသွားစားရိတ် + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့်+ ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + အစားထိုးခံစားခွင့် |
| **လျှောက်လွှာပိတ်ရက်** | : | **၂၅.၀၁.၂၀၁၉၊ (၁၆:၃၀)နာရီ** |

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လှုပ်ရှားဆောင်ရွက်လျက်ရှိသော ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဌာနတွင် အထက်ပါ ဝန်ထမ်းရာထူး(၁)နေရာ လစ်လပ်လျက်ရှိပါသည်။ လျှောက်ထားသောသူသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားဆောင်ရွက်မှုများတွင် အချိန်အခါမရွေး ပါဝင်ဆောင်ရွက်နိုင်သူဖြစ်ရမည်။

**လုပ်ငန်းတာဝန်များ**

(၁) ရပ်ရွာအခြေပြုဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ခြင်း စီမံချက်လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာမြို့နယ်အလိုက် လုပ်ငန်းအစီအစဉ်ရေးဆွဲရေး၊ အကောင်အထည်ဖော်ရေးနှင့် ဆန်းစစ်လေ့လာရေး လုပ်ငန်းများကိုဆောင်ရွက်ရန် မြို့နယ်အဆင့်တွင်တာဝန်ရှိပြီး စီမံချက်ကွင်းဆင်းအရာရှိ၏ ညွှန်ကြားချက်များနှင့်အညီ အဓိကတာဝန်ယူဆောင်ရွက်ရမည်။

(၂) ကွင်းဆင်းအရာရှိနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့၏ လမ်းညွှန်မှုကိုခံယူ၍ စီမံချက်လုပ်ငန်းများ အကောင်ထည်ဖော်ရာတွင် အောင်မြင်အောင်ဆောင်ရွက်ရမည်။

(၃) ကျောင်း၊ ကျေးရွာနှင့်မြို့နယ်ကြက်ခြေနီအသင်းတွင် စေတနာလုပ်အားရှင် အင်အားတိုးပွားစေရန် အကြံဉာဏ်ပေးခြင်းနှင့်စည်းရုံးခြင်းတို့ကို ဆောင်ရွက်ရမည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**

**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

(၄) လုပ်ငန်းစီမံကိန်းများ အောင်မြင်ရေးအတွက် စီမံချက်မြို့နယ်တွင်းရှိ ကျောင်းနှင့်ကျေးရွာများသို့ ပုံမှန်ကွင်းဆင်းဆောင်ရွက်ရမည်။

(၅) စီမံချက်အောင်မြင်ရေးအတွက် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးကော်မတီ၊ မြို့နယ်ရှိအဖွဲ့အစည်းများနှင့် ရပ်မိရပ်ဖ များကိုရင်းနှီးစွာပူးပေါင်း၍ ဆောင်ရွက်ရမည်။

(၆) လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများအား (လစဉ်၊ ၃လပတ်) မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးဒုက္ခစီမံခန့်ခွဲရေးဌာနသို့ စီမံချက်ကွင်းဆင်းအရာရှိမှတစ်ဆင့် သတ်မှတ်ချိန်အရောက်ပေးပို့ရမည်။

(၇) လစဉ် (သို့) အပတ်စဉ် ကျောင်းနှင့်ကျေးရွာများ၏ အကြံပြုတင်ပြချက်များကို စုစည်းပြီး ကွင်းဆင်းအရာရှိ ထံသို့ အစီရင်ခံတင်ပြရမည်။

(၈) ကွင်းဆင်းအရာရှိ၏ စီမံချက်လုပ်ငန်းများ အစီအစဉ်ရေးဆွဲခြင်း၊ အကောင်ထည်ဖော်ဆောင်ရွက်ခြင်းနှင့်စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းများတွင် အထောက်အပံ့ဖြစ်စေရန် လိုအပ်သလိုပူးပေါင်းပံ့ပိုးဆောင်ရွက်ရမည်။

(၉) မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အမေရိကန်ကြက်ခြေနီအသင်းတို့၏ ကွင်းဆင်းကြီးကြပ်ရေးခရီးစဉ်များ၊ စောင့်ကြည့်လေ့လာခြင်းခရီးစဉ်နှင့် နည်းပညာပံ့ပိုးမှုခရီးစဉ်များတွင် လိုအပ်သလို ပြင်ဆင်ဆောင်ရွက်၍ လိုက်ပါဆောင်ရွက်ရမည်။

(၁၀) စီမံချက်ဖိုင်တွဲများ ပစ္စည်းစာရင်းများကို စနစ်တကျထိန်းသိမ်းခြင်း မှတ်တမ်းရေးသွင်းရမည်။

(၁၁) ကွင်းဆင်းအရာရှိမှ အခြားလုပ်ငန်းလိုအပ်ချက်အရ တာဝန်ပေးအပ်လာပါကဆောင်ရွက်ပေးနိုင်ရမည်။

**လိုအပ်သောအရည်အချင်းများ**

- **မြန်မာနိုင်ငံသားဖြစ်ရမည်။**
- **အသက်(၁၈)နှစ် မှ(၄၀)နှစ်အတွင်းဖြစ်ရမည်။**
- အခြေခံပညာအထက်တန်းအဆင့်တက်ရောက်ဖူးသူဖြစ်ရပါမည်။တက္ကသိုလ်ဝင်တန်း အောင်မြင်သူအား ဦးစားပေးမည်။
- သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သောလုပ်ငန်းများတွင် အတွေ့အကြုံရှိသောသူအား ဦးစားပေးမည်။
- စီမံချက်လုပ်ငန်းတာဝန်များကို ထိထိရောက်ရောက်နှင့် အချိန်ပြည့်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- မြို့နယ်အတွင်းရှိ တခြားအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- ဘဏ္ဍာရေးအစီရင်ခံစာများ ပြုစုခြင်းအတွေ့အကြုံရှိသူဖြစ်ရမည်။

**"Person with disability are encouraged to apply this post as they will be given equal opportunity"**
**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**

စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ်တူ/ PDF Version ဖြင့်-

| | |
|---|---|
| **မြန်မာနိုင်ငံကြက်ခြေနီအသင်း** | **မြန်မာနိုင်ငံကြက်ခြေနီအသင်း** |
| **ရုံးချုပ်** | **ရုံးခွဲ** |
| **ရာဇသင်္ဂဟလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊** | **အမှတ်(၄၂)၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊** |
| **နေပြည်တော်။** | **ရန်ကုန်။** |

(သို့မဟုတ်) mrcshrrecruitment@redcross.org.mm သို့လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။**

**"Person with disability are encouraged to apply this post as they will be given equal opportunity"**
**"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities members in our programs"**